# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 9 , 2023 Volume 62, Number 5


## ပြည်ပသို့ ယခုဘဏ္ဍာနှစ် ကိုးလတာကာလအတွင်း ပျားရည်မက်ထရစ်တန်ချိန် ၁၀၀၀ ကျော်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၂၅ သန်းကျော်ရရှိထား

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကိုးလတာကာလအတွင်း ပြည်ပသို့ ပျားရည်မက်ထရစ်တန်ချိန် ၁၀၀၀ ကျော်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၂၅ သန်းကျော်ရရှိထားကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားလုပ်ငန်းဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်၏ ပြောပြချက်အရ သိရသည်။

ပြည်ပနိုင်ငံများဖြစ်သည့် တောင်ကိုရီးယား၊ ဂျပန်၊ အမေရိကန်၊ တရုတ်(တိုင်ပေ)နှင့် စင်ကာပူနိုင်ငံတို့သို့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလကုန်အထိ ကိုးလတာကာလအတွင်း ပျားရည်မက်ထရစ် တန်ချိန် ၁၂၁၇ ဒသမ ၁၈ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၂၅ သန်းကျော် ရရှိခဲ့သည်။

ပုဂ္ဂလိကကဏ္ဍမှ ပြည်ပသို့ ပျားရည်တင်ပို့မှုအနေဖြင့် ပုံမှန်ကုန်သွယ်ရေးမှ ၁၂၀၃ ဒသမ ၈၄ တန်နှင့် နယ်စပ်ကုန်သွယ်ရေးမှ ၁၃ ဒသမ ၃၄ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၂၅ သန်းကျော်ရရှိခဲ့သည်။ “၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကိုးလတာကာလအတွင်း ပျားရည်မက်ထရစ်တန်ချိန် ၁၂၁၇ ဒသမ ၁၈ တန် တင်ပို့မှု ကနေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၂၅ သန်းကျော် ရရှိထားတယ်။ တောင်ကိုရီးယား၊ ဂျပန်၊ အမေရိကန်၊ တရုတ်(တိုင်ပေ)နဲ့ စင်ကာပူနိုင်ငံတွေကို တင်ပို့ပြီး ဂျပန်နိုင်ငံကို အများဆုံးတင်ပို့ထားတယ်”ဟု ၎င်းကပြောသည်။

ပျားရည်တင်ပို့မှုအနေဖြင့် ဂျပန်နိုင်ငံသို့ ပျားရည် မက်ထရစ်တန်ချိန် ၉၁၈ ဒသမ ၄၈ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၃၇၇၇၂၀၊ တောင်ကိုရီးယားနိုင်ငံသို့ ပျားရည်မက်ထရစ် တန်ချိန် ၄၂ ဒသမ ၇၈ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၄၁၇၀၊ အမေရိကန်နိုင်ငံသို့ ပျားရည်မက်ထရစ်တန်ချိန် ၄၀ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၀၀၀၀၊ စင်ကာပူနိုင်ငံသို့ ပျားရည်မက်ထရစ်တန်ချိန် ၁၈၂ ဒသမ ၄၈ တန် တင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၂၇၃၇၂၀ နှင့် တရုတ်(တိုင်ပေ) သို့ ပျားရည်မက်ထရစ်တန်ချိန် ၃၃ ဒသမ ၄၄ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၀၁၆၀ ရရှိခဲ့သည်။

ပျားရည်ထုတ်လုပ်မှုအနေဖြင့် နှမ်းပျားရည်၊ ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်၊ လိုက်ချီးပျားရည်ဟူ၍ ထုတ်လုပ်လျက်ရှိရာ လက်ရှိတွင် နှမ်းပျားရည် ထုတ်လုပ်နေသည့်အချိန်ဖြစ်ကြောင်း သိရသည်။

Source: https://www.myawady.net.mm/node/35202

၉.၁.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၇၇ US$ |
| မြန်မာ့ရွှေဈေး | = ၂၇၆၀၀၀၀ |
| ဒေါ်လာဈေး | = ၂၈၄၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၄၀.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၅.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၅၄.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၅၄.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၉.၇၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၈၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၈.၆၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၉.၉၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၅၉၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## တရုတ်ဈေးကွက်မှီခိုနေရတဲ့ မြန်မာ့ ဖရဲ၊ သခွား ဈေးအမြင့်နဲ့ရပ်တည်ပေမယ့် လမ်းကြောင်းကုန်ကျစရိတ်မြင့်မားနေ




အခု ၂၀၂၃ နှစ်စ တတိယအပတ်ဖြစ်တဲ့ ဇန်နဝါရီ ၂၁ ရက်မှာ တရုတ်နှစ်သစ်ကူးကိုရောက်ရှိတော့မှာဖြစ်ပါတယ်။ ဇန်နဝါရီ ၈ ရက်မှာလည်း တရုတ်-မြန်မာ ကုန်သွယ်မှုနယ်စပ်ဂိတ်တွေဖြစ်တဲ့ ကျယ်ဂေါင်၊ မန့်ဝိန်းဂိတ်၊ နန်းတော်ဂိတ်နဲ့ ဆင်ဖြူဂိတ်တွေကို ပြန်လည်ဖွင့်လှစ်တော့မှာဖြစ်တာမို့ မြန်မာ့ဖရဲ၊ သခွားဈေးကွက်ဟာ ယခင်နှစ်တွေထက် ဈေးအမြင့်နဲ့ရပ်တည်နေတယ်လို့ နယ်စပ် သစ်သီးဝလံ ကုန်သည်လုပ်ငန်းရှင်တွေထံမှ သိရပါတယ်။

ကုန်ခဲ့တဲ့ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်းမှာတော့ မြန်မာ့ဖရဲဈေးကွက်ကတော့ ဖရဲ ၁ ဒသမ ၈၀ ယွမ်နဲ့ ရွှေသခွား ၃ ယွမ်မှ ၄ ယွမ်ထိ ဈေးရနေခဲ့တဲ့ အခြေအနေပါ။ အခုလက်ရှိတရုတ်ငွေဈေး ၁ ယွမ်ကိုပြင်ပပေါက်ဈေးကျပ် ၄၀၀ ကျော် ပေါက်ဈေးရှိချိန်မှာမြန်မာ့ ဖရဲနဲ့ သခွားတရုတ်ဘက်ပေါက်ဈေးဟာ ဖရဲ တစ်လုံး (855 ခေါ် အရွယ်အစား၊ အရည်အသွေးမြင့်) ကို တရုတ်ငွေ ၄ဒသမ ၂ ယွမ်၊ ထင့်ဝမ်ဖရဲတစ်လုံးကို ၄ ဒသမ ၅ ယွမ်နဲ့ ကုန်တင်ယာဉ် အစီးပြတ်ဈေးတရုတ်ယွမ် ၆၅၀၀၀ ထိရနေသလို၊ အစေ့မဲ့ဖရဲတရုတ်ယွမ် ၄ ဒသမ ၈ ယွမ်နဲ့ သခွားမွှေး တစ်လုံးကို တရုတ်ငွေ ၆ ဒသမ ၂ ယွမ် ၊ ယခင်ထက် ဈေးအမြင့်နဲ့ အသီးသီးပေါက်ဈေးရရှိနေတာဖြစ်ပါတယ်။

"အခိကတရုတ်နှစ်သစ်ကူးရောက်တော့မယ့် အချိန်တွေမှာအဝယ်လိုက်လာတဲ့သဘောမျိုးပါ။ နောက်ပြီးနယ်စပ်ဂိတ်တွေကလည်း ဖွင့်တော့မှာဖြစ်တဲ့တွက် မြန်မာ့ဖရဲ၊ သခွားတင်ပို့မှုပိုပြီးကုန်သွယ်လာနိုင်မယ်။ ဒီလိုဈေးအမြင့်နဲ့ရပ်တည်တော့ စိုက်ပျိုးတောင်သူနဲ့ကုန်သည်တွေ တွက်ခြေကိုက်ကျတာပေါ့။ ဖရဲ၊ သခွားဈေးဟာ ဈေးအမြင့်ရှိနေပေမယ့်လည်းကုန်သည်အများစုရဲ့ ကားငှားရမ်းခပါတဲ့ လမ်းကြောင်းဂိတ်တွေပေးရတဲ့ စရိတ်ကလည်းကျပ် ၁၀ သိန်းကျော်မှာ ရှိနေတယ်။ ယခင်က ၅ သိန်း ၆ သိန်းလောက်သာကုန်ကျတဲ့ လမ်းကြောင်းပါ"လို့ ဖရဲ၊ သခွားရောင်းဝယ်တင်ပို့ လုပ်ငန်းရှင်တစ်ဦးက ဆိုထားပါတယ်။

ဒီလိုဈေးအမြင့်ဆုံးရရှိနေပေမယ့်လည်း ထုတ်လုပ်မှုစရိတ်၊ တင်ပို့မှုစရိတ်တို့အပြင် ကားငှားရမ်းခမပါတဲ့ လမ်းကြေးရှင်းပေးမှုဟာ ကျပ် ၁၀ သိန်း ၁ သောင်းဝန်းကျင်ထိ ကုန်ကျတာတွေရှိနေတဲ့အတွက် ဖရဲသီး၊ သခွါးမွှေးကုန်သည်များ ကားငှါးရမ်းတဲ့အခါ လမ်းကြေးပါပြီး ကားခဟုတ်/မဟုတ် သေချာညှိနှိုင်းပြီးမှ ကားခပြောဆိုသတ်မှတ်ကြဖို့ကိုလည်း ၎င်းက တိုက်တွန်းထားရှိပါတယ်။

မြန်မာနိုင်ငံအနေနဲ့ နှစ်စဉ်ဖရဲတန်ချိန်ပေါင်း ၈သိန်းကျော်နဲ့ သခွားမွှေးတန်ချိန်ပေါင်း တစ်သိန်းခွဲကျော်ကို တင်ပို့နေရပြီး ၂၀၂၁ နဲ့ ၂၀၂၂ ခုနှစ်တွေမှာမူ ၎င်းရဲ့ လေးပုံတစ်ပုံသာဖြစ်တဲ့ ဖရဲတန်ချိန် နှစ်သိန်းဝန်းကျင်နဲ့ သခွားမွှေးအနည်းငယ်သာ တင်ပို့ နိုင်ခဲ့တယ်လို့ ကုန်သည်တွေထံမှ သိရပါတယ်။

**ဤဆောင်းပါးကို Myanmar Future News မှ ကူးယူဖော်ပြပါသည်။**

**Source:** https://t.me/htwettoe

## ၂.၁.၂၀၂၃ မှ ၆.၁.၂၀၂၃ ရက်နေ့ထိ ဈေးကွက်သုံးသပ်ချက်




**မတ်ပဲ**

မတ်ပဲကတော့ ဈေးတွေ ဆက်တိုက်ကျဆင်းနေပါတယ်။ အိန္ဒိယနိုင်ငံက မတ်ပဲဝယ်ယူဖို့ သက်တမ်းကို လာမယ့် ၂၀၂၄ ခုနှစ်ထိ တိုးမြှင့်လိုက်တဲ့အတွက် ပဲဝယ်ယူမှုက အေးသွားပြီး ဈေးက ကျဆင်းသွားတာလည်းဖြစ်ပါတယ်။ လက်ရှိမတ်ပဲ CNF ပေါက်ဈေးကလည်း လျော့နည်းနေပြီး အိန္ဒိယနိုင်ငံမှာလည်း ဆောင်းမတ်ပဲ အထွက်နှုန်းတိုးတယ်ဆိုတဲ့ သတင်းတွေကြောင့် မတ်ပဲက နေ့စဉ်နဲ့အမျှ ကျဆင်းနေခဲ့တာလည်းဖြစ်ပါတယ်။

မတ်ပဲအသစ်တွေကလည်း ဈေးကွက်ထဲဝင်နေပြီဖြစ်လို့ ဈေးကဆက်ပြီးကျဆင်းနေဦးမယ်လို့ ကုန်သည်တွေက ခန့်မှန်းထားပါတယ်။ လက်ရှိ ငွေလဲလှယ်နှုန်း ဈေးမြင့်တက်နေတာဖြစ်တဲ့အတွက် အများကြီးကျဆင်းနေတာမျိုးမရှိဘူးလို့ ဆိုပါတယ်။

ရန်ကုန်ဈေးကွက်မှာ မတ်ပဲက တစ်တန်ကို ၁၆ သိန်း ၄ သောင်းပေါက်ဈေးရှိနေပြီး ပြီးခဲ့တဲ့အပတ်နဲ့နှိုင်းယှဉ်ရင် တစ်တန်ကို ၄ သောင်းကျော်ဈေးကျဆင်းသွားပါတယ်။

မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၁၅၆၀၀၀ ကနေ ၁၆၀၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၄၀၀၀ ကျပ်ဈေးကျဆင်းသွားပါတယ်။ မုံရွာဈေးကွက်၊ အောင်လံဈေးကွက်၊ မော်လမြိုင်ဈေးကွက်၊ ပြည်ဈေးကွက်တို့မှာ မတ်ပဲက တစ်တင်းကို ၅၂၅၀၀ ကနေ ၅၃၅၀၀၀ ကြားပေါက်ဈေးရှိပြီး တစ်တင်းကို ၃၅၀၀ လောက်ဈေးကျဆင်းပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကတော့ ဈေးတက်ပါတယ်။ ဈေးကွက်ထဲ ပစ္စည်းလက်ကျန်မရှိတဲ့အတွက် အသစ်ထွက်လာတဲ့ ပဲတွေ အဝယ်လိုက်ပြီး ဈေးတက်နေတာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံက ပဲစင်းငုံနီ အထွက်နှုန်းလျော့နည်းမယ်ဆိုတဲ့သတင်းတွေနဲ့ ရေရှည်မှာဈေးကတက်ဦးမယ်လို့ ကုန်သည်တွေရဲ့ခန့်မှန်းမှုတွေကြောင့် အဝယ်သွက်ပြီး ဈေးတက်နေတာဖြစ်ပါတယ်။

တင်ပို့မှုကို ၂၀၂၄ ထိ သက်တမ်းတိုးလိုက်တဲ့အတွက် လာမယ့် ရေတိုကာလအတွင်းမှာတော့ ပဲစင်းငုံနီက ဈေးအေးမယ့်အနေအထားမှာရှိနေပြီး သိုလှောင်နိုင်လျှင် အကျိုးအမြတ်ရှိလာနိုင်တယ်လို့ ကုန်သည်အများစုက သုံးသပ်ပေမယ့် အိန္ဒိယနိုင်ငံရဲ့ ပဲစင်းငုံနီ တင်သွင်းမှုအခြေအနေကို စောင့်ကြည့်ဖို့လိုအပ်ပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီက တစ်တန်ကို ၁၇ သိန်း ၇ သောင်းနီးပါးပေါက်ဈေးရှိပြီး တစ်တန်ကို ၂ သောင်းကျော်ဈေးတက်လာပါတယ်။

မန္တလေးဈေးကွက်မှာလည်း ပဲစင်းငုံနီက တစ်အိတ်ကို ၁၆၅၀၀၀ ကနေ ၁၆၆၀၀၀ ကြားပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၁၀၀၀ လောက် ဈေးတက်ပါတယ်။ နယ်ဈေးကွက်တွေဖြစ်တဲ့ ပခုက္ကူ မုံရွာနှင့် အောင်လံဈေးကွက်မှာတော့ တစ်တင်းကို ၅၅၀၀၀ ကနေ ၅၆၀၀၀ ကြား ပေါက်ဈေးရှိနေပြီး တစ်တင်းကို ၁၀၀၀ လောက် ဈေးမြင့်တက်လာပါတယ်။

**ကုလားပဲ**

ကုလားပဲကတော့ အသစ်တွေလည်း ဈေးကွက်ထဲကိုဝင်နေပြီး အဟောင်းတွေကလည်း ဈေးကောင်းရရှိနေပါတယ်။ နေရာအချို့မှာ အသစ်တွေဝင်လာတာဖြစ်လို့ လက်ကျန်ပဲတွေကတော့ ဈေးမြင့်ပြီး အရောင်းအဝယ်အေးနေပါတယ်။ ကုလားပဲအသစ်တွေ ဈေးကွက်ထဲ လှိုင်လှိုင်ဝင်လာရင်တော့ ဈေးကကျဆင်းနိုင်ပေမယ့် အများကြီး ဈေးကျဆင်းနိုင်မှာမဟုတ်ဘူးလို့ ကုန်သည်အချို့က ခန့်မှန်းထားပါတယ်။

ရန်ကုန်ဈေးကွက်မှာ ကုလားပဲလုံးဖြူက တစ်ပိဿာကို ၃၀၈၀ ကနေ ၃၁၆၅ ကျပ်၊ကုလားပဲလုံးဖြူကြီးက တစ်ပိဿာကို ၃၃၃၀ ကနေ ၃၄၁၅ ကျပ်ရှိပြီး ဈေးငြိမ်ပါတယ်။ ကုလားပဲခြမ်းကတော့ တစ်ပိဿာကို ၄၃၀၀ ကနေ ၄၅၀၀ ပေါက်ဈေးရှိနေပြီး တစ်ပိဿာကို ၁၅၀ ကျပ်ဈေးတက်လာပါတယ်။

မန္တလေးဈေးကွက်မှာတော့ ကုလားပဲ (ထိုင်ဝမ်)က တစ်အိတ်၊ ကုလားပဲ (929၊ ကုလားပဲ(ဗွီတူး) တို့ကတော့ တစ်အိတ်ကို ၁၈၀၀၀၀ ကနေ ၂၀၀၀၀၀ ကြားအရောင်းအဝယ်ရှိနေပြီး ဈေးငြိမ်ပါတယ်။

မုံရွာဈေးကွက်မှာတော့ ကုလားပဲ(ထိုင်ဝမ်)က တစ်တင်းကို ကို ၆၁၅၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၈၀၀ ကျပ်ဈေးတက်လာပါတယ်။ ကုလားပဲ(ဗွီတူး)အသစ်ကတော့ တစ်တင်းကို ၆၂၀၀၀ နဲ့ ဈေးဖွင့်ထားပြီး အဟောင်းကတော့ တစ်တင်းကို ၆၆၈၀၀ ပေါက်ဈေးရှိပြီး ၁၀၀၀ လောက်ဈေးတက်လာပါတယ်။ ကုလားပဲ(929)အသစ် တစ်တင်းကို ၆၀၀၀၀ နဲ့ ဈေးဖွင့်ထားပြီး အဟောင်းကတော့ တစ်တင်းကို ၆၂၈၀၀ ပေါက်ဈေးရှိပြီး ဈေးငြိမ်ပါတယ်။

**ပဲလွန်း**

ပဲလွန်းတွေကတော့ ဈေးကွက်ထဲအသစ်တွေ ဆက်တိုက်ဝင်နေပြီး နေ့စဉ် ပဲအဝင်ပေါ်မူတည်ပြီး ဈေးတွေအတက်အကျရှိနေပါတယ်။ ရန်ကုန်ဈေးကွက်မှာ ပဲလွန်းဖြူက တစ်ပိဿာကို ၂၀၀၀ ကနေ ၂၀၅၀ ပေါက်ဈေးရှိပြီး၊ တစ်ပိဿာကို ၃၅ ကျပ်ဈေးကျဆင်းပါတယ်။ ပဲလွန်းနီကတော့ လက်ရှိရန်ကုန်ဈေးကွက်မှာ အဟောင်းတွေဈေးတက်နေပါတယ်။ တစ်ပိဿာကို ၂၈၃၀ မှ ၂၈၉၅ ပေါက်ဈေးရှိပြီးတစ်ပိဿာကို ၁၇၀ လောက်ဈေး မြင့်တက်လာပါတယ်။

မန္တလေးဈေးကွက်မှာတော့ ပဲလွန်းပြာက တစ်အိတ်ကို ၁၀၀၀၀ ကနေ ၁၀၁၀၀၀ ပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၄၀၀၀ ကျပ်ဈေးကျဆင်းပါတယ်။ပဲလွန်းဖြူကတော့ တစ်အိတ်ကို ၁၁၇၀၀၀ ပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၂၀၀၀ ကျပ်ဈေးတက်လာပါတယ်။

မုံရွာဈေးကွက်မှာတော့ ပဲလွန်းပြာက တစ်တင်းကို ၃၅၅၀၀ ပေါက်ဈေးရှိပြီး ဈေးငြိမ်နေသလို ပခုက္ကူဈေးကွက်မှာတော့ ပဲလွန်းပြာက တစ်တင်းကို ၃၆၀၀၀ နဲ့ဈေးဖွင့်ပါတယ်။ ပဲလွန်းပြာတွေ ဈေးကွက်ထဲအဝင်များနေပြီး ဈေးကကျဆင်းနေပါတယ်။

**ပဲပုတ်**

ပဲပုတ်ကလည်း ဈေးကွက်ထဲ အသစ်တွေဝင်နေပြီး ဈေးကောင်းရနေပါတယ်။ အရောင်းအဝယ်ကတော့ ပုံမှန်ဝယ်ယူမှုရှိနေပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲပုတ်(အထွက်တိုး)က တစ်ပိဿာကို ၂၇၅၀ ကနေ ၂၇၇၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၈၅ ကျပ်၊ ပဲပုတ်(ဆီတိုး)ကတော့ တစ်ပိဿာကို ၂၇၇၀ ကနေ ၂၈၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၂၀ ကျပ် ဈေးတက်လာပါတယ်။

မန္တလေးဈေးကွက်မှာတော့ ပဲပုတ်(ဗမာ)က တစ်အိတ်ကို ၂၂၅၀၀၀ ကနေ ၂၃၀၀၀၀ ကြားပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၁၀၀၀၀ ကျပ်ဈေး တက်လာပါတယ်။

**အာလူး**

အာလူးကလည်း ဈေးကွက်ထဲအဝင်နည်းလို့ ဈေးက အနည်းငယ်ပြန်တက်လာပါတယ်။ တရုတ်အာလူးတွေလည်း ဈေးကွက်ထဲကို အဝင်နည်းပါတယ်။

ရန်ကုန်ဈေးကွက်မှာ အောင်ပန်းအာလူးက တစ်ပိဿာကို ၁၇၀၀ ကနေ ၂၀၅၀ ပေါက်ဈေးရှိနေပြီး တစ်ပိဿာကို ၁၀၀ လောက် ဈေးမြင့်တက်လာပါတယ်။ တရုတ်အာလူးကလည်း တစ်ပိဿာကို ၂၁၀၀ ပေါက်ဈေးရှိနေပြီး တစ်ပိဿာကို ၁၀၀ ကျပ် ဈေးပြုတ်ကျလာပါတယ်။

သီးနှံစုံပေါ်နေတဲ့ ရာသီဖြစ်တဲ့အတွက် အစားနည်းပြီး နေ့စဉ်အဝင်ပေါ်မူတည်ပြီး ဈေးအတက်အကျရှိနေတာဖြစ်တယ်လို့ ကုန်သည်တွေက ဆိုပါတယ်။

**AMIA**

**Source: https://t.me/htwettoe**

## ကန်စွန်းဥစိုက်တောင်သူများ ယခင်နှစ်ထက် ဈေးကောင်းရရှိလာ

ကန်စွန်းဥဈေးကွက်မှာ ယခုနှစ်တွင် တစ်ပိဿာကျပ် ၉၀၀ အခင်းဈေးရရှိတာကြောင့် ယခင်နှစ်ထက် နှစ်ဆဈေးကောင်းလာရာ ဧရာဝတီမြစ်ကျွန်းစိုက်ခင်းများတွင်စိုက်ပျိုးသော တောင်သူများအဆင်ပြေကြောင်း ပုသိမ်ကြီးမြို့နယ် သံဘိုကျွန်းကျေးရွာတောင်သူများထံက သိရသည်။

ဧရာဝတီမြစ်ရေစတင်ကျဆင်းသည့် သီတင်းကျွတ်လကတည်းက ကန်စွန်းဥကို စတင်စိုက်ပျိုးပြီး သုံးလခွဲခန့်အကြာ ဇန်နဝါရီလတွင် ကန်စွန်းဥလှိုင်လှိုင်ပေါ်လေ့ရှိပြီး၊ ယခင်ကတစ်ပိဿာ ကျပ် ၄၅၀-၅၀၀ ခန့်သာပေါက်ဈေးရှိပြီး ယခုနှစ်တွင် တစ်ပိဿာ ကျပ် ၉၀၀ ထိ အခင်းဈေးရရှိကြောင်း သံဘိုကျွန်းကျေးရွာမှ ဦးခင်မောင်ရင်က မန္တလေးနေ့စဉ်ကိုပြောသည်။

"ဒီနှစ်က ကန်စွန်းဥဈေးက မမျှော်လင့်ဘဲ ဈေးကောင်းနေတော့ ကန်စွန်းဥစိုက်တောင်သူတွေ ပိုအဆင်ပြေလာပါတယ်။ မနှစ်ကထက်ဈေးက တစ်ပိဿာ ၉၀၀-၁၀၀၀ နှစ်ဆဖြစ်လာတော့ တွက်ခြေပိုကိုက်တယ်။ တစ်ဧကကို ကုန်ချိန် ၃၀၀၀ -၄၀၀၀ လောက်ထွက်တယ်။ လက်ရှိပေါက်ဈေးနဲ့ဆို ၂၇ သိန်းလောက်ရတယ်"ဟု ၎င်းကပြောသည်။

လက်ရှိအချိန်တွင် ဧရာဝတီမြစ်အတွင်းရှိ ကျေးရွာများတွင် ကန်စွန်းဥအပါအဝင် မြေပဲ ၊ မုံညှင်း၊ နံနံ၊ ချဉ်ပေါင်၊ မုန်လာဥ၊ ဗူးသီး၊ သခွားသီး၊ ကြက်ဟင်းခါးသီး၊ ခရမ်းသီးစသည့် စားဖိုဆောင်သီးနှံများကို အဓိကထားစိုက်ပျိုးပြီး မန္တလေးကုန်ဈေးတန်းဈေးကွက်သို့ တင်ပို့ရောင်းချကြောင်းသိရသည်။

**Source: မကွေးဂျာနယ်**

## မြစ်ကြီးနားဈေးကွက်ထဲမှ ရှမ်းပြည်ထောပတ်သီး

မြစ်ကြီးနား သစ်သီးဈေးကွက်ထဲသို့ ရှမ်းပြည်နယ်မှ တင်ပို့လိုက်သည့် ထောပတ်သီးများသည် ဈေးကောင်းရရှိပြီး မြစ်ကြီးနား ဒေသခံစားသုံးသူများ၏ အကြိုက်ကိုတွေ့စေ၍ အရောင်းအဝယ်ဖြစ်နေကြောင်း စားသုံးသူတစ်ဦးမှ ပြောပြပါသည်။

ရှမ်းပြည်နယ် တောင်ကြီးဒေသတစ်ဝိုက်တွင် စိုက်ပျိုးထွက်ရှိသည့် ထောပတ်သီးများသည် မျိုးကောင်းပြီး စားကောင်းသောကြောင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ ထောပတ်သီးလောကတွင် ထောပတ်သီးဆို တောင်ကြီးသီးမှာ နာမည်ရရှိထားသောကြောင့် ကချင်ပြည်နယ် မြစ်ကြီးနားသစ်သီးဈေးကွက်ထဲတွင် နေရာယူထားလျက်ရှိပါသည်။

မြစ်ကြီးနား သစ်သီးဈေးကွက်ထဲသို့ မန္တလေးမှတဆင့် တင်ပို့လာခဲ့ရာ ထောပတ်သီးအလုံးကြီး (၇၀) လုံးပါ အိတ်တစ်လုံးလျှင် ၄၇၀၀၀ ကျပ် ပေးဝယ်ရပြီး တစ်လုံးလျှင် ၈၀၀ ကျပ်မှ ၁၀၀၀ ကျပ်ကြား ပြန်လည်ရောင်းချကြကြောင်း၊ အလုံးသေးအနေဖြင့် အလုံး ၁၈၀-၂၀၀ လုံးပါ တစ်အိတ်လျှင် ၃၃၀၀၀ ကျပ်ဖြင့် ပေးဝယ်၍ တစ်လုံးလျှင် ၃၀၀ ကျပ်၊ ၃၅၀ ကျပ်တို့ဖြင့် ဈေးနှုန်းများခွဲခြားပြီး ပြန်လည်ရောင်းချလျက်ရှိရာ ဖောက်သည်ဝယ်ရောင်းများလည်း မိသားစုအပိုဝင်ငွေရရှိပြီး အဆင်ပြေလျက်ရှိကြောင်း ပြောပြချက်အရ သိရှိရပါသည်။

Source: မနေ့ညနေကုန်သွယ်မှုဗဟိုဌာန

## စလင်းမြို့ ဝက်သည်းကန်မှထွက်ရှိသည့် ကြာချည်များဈေးကောင်းရ

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဝက်သည်းကန်မှရရှိသော ကြာရိုးများမှတစ်ဆင့်ထွက်ရှိသည့် ကြာချည်များမှာ ယနေ့ထိတိုင် ဈေးကွက်တွင် ဈေးကောင်းရရှိကြောင်းသိရသည်။

စလင်းမြို့၌ ကြာချည်ထုတ် လုပ်ငန်းကို အင်းလေးဒေသမှ နည်းပညာများ သွားရောက်လေ့လာသင်ယူ၍ ၂၀၀၉ ခုနှစ်မှ စတင်ကာ စလင်းမြို့ဝက်သည်းကန်ကိုအမှီပြု၍ အနီးနားတွင် နေထိုင်ကြသောကျေးရွာမှ ဒေသခံပြည်သူများက မြန်မာ့ရိုးရာ လက်မှုပညာကို ဖော်ဆောင်လုပ်ကိုင်ရင်း ယနေ့အထိ လုပ်ကိုင်ဆောင်ရွက်နေကြောင်း သိရသည်။

ကြာချည်ထုတ်လုပ်ရန် အဓိကကုန်ကြမ်း ကြာရိုးများကို စလင်းမြို့ ဝက်သည်းကန်အတွင်းမှ မိမိတို့သတ်မှတ်ထားသော နယ်နိမိတ်ဧရိယာအတွင်း၌ လုပ်သားများဖြင့် နုတ်ယူရပြီး ကြာရိုးတစ်ရိုး၏ အရှည်မှာ ၇ ပေဝန်းကျင် အထိရှိကြောင်း၊ ကြာထုံး အကြီးအသေးပေါ်မူတည်၍ ကြာချည်ဆွဲချိန် ၁ နာရီခွဲခန့်ကြာမြင့်ပြီး ကြာထုံးတစ်ထုံးလျှင် ကြာချည်တစ်ကျပ်ခွဲသားခန့်ထွက်ရှိကာ ချည်ဆွဲလုပ်အားခ ကြာချည်အခြောက် တစ်ကျပ်သားလျှင် ငွေကျပ် ၁၃၀၀ ဝန်းကျင်ရရှိကြောင်း၊ ကြာချည်ဆွဲသူ အမျိုးသမီးများမှာ မိမိတို့လုပ်အားအပေါ်မူတည်၍ တစ်ရက်လျှင် ကြာချည်အခြောက် သုံးကျပ်သားမှ လေးကျပ်သားအထိ ကြာချည်ဆွဲနိုင်ကြောင်း စလင်းမြို့နယ် ရှမ်းရွာကုန်းကျေးရွာမှ ကြာချည်ဆွဲလုပ်ကိုင်သူ မဖြူဖွေးကပြောသည်။ "ကြာချည်ထုတ် လုပ်ငန်းရှင်များအနေဖြင့် တစ်ရက်လျှင် ကြာချည်အခြောက် ၂၅ ကျပ်သားမှ ၃၀ ကျပ်သားအထိရရှိပြီး ကြာချည်အခြောက် (ကုန်ကြမ်း)ရရှိရန် ချည်ဆွဲ၍ရရှိလာသော ကြာချည်အစိုများကို ရစ်ဘီးတွင်ရစ်၍ အရိပ်ထဲတွင် တစ်ညခန့် လေသလပ်အောင် အခြောက်ခံထားရကြောင်း၊ ရရှိလာသော ကြာချည်ကုန်ကြမ်းများကို အင်းလေးဒေသသို့ ပိဿာချိန်ဖြင့် တင်ပို့ရောင်းချရပြီး ကြာချည်အခြောက်တစ်ပိဿာလျှင် ငွေကျပ်လေးသိန်းအထိရရှိကြောင်း၊ စလင်းမြို့နယ် ဝက်သည်းကန်မှထွက်ရှိသောကြာရိုးကို ကြာချည်ကုန်ကြမ်းများအဖြစ်သာထုတ်လုပ်ကြပြီး ကြာရွက်ကို ဈေးများတွင် အသားငါး၊ ဟင်းသီးဟင်းရွက်၊ ပန်းစသည်ဖြင့် ထုပ်ပိုးမှုအဖြစ် သုံးစွဲရောင်းချကြောင်း မြထည်ဝါ ကြာချည်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ဦးသောင်းစိန်ကပြောသည်။

စလင်းမြို့ ဝက်သည်းကန်မှရရှိလာသော ကြာချည်များကို ကုန်ကြမ်းအဖြစ်သာထုတ်လုပ်၍ အင်းလေးဒေသသို့ တင်ပို့ရောင်းချကာ ၎င်းကြာချည်အခြောက်ကုန်ကြမ်းများကို အင်းလေးဒေသတွင် ရက်ကန်းနှင့်နည်းပညာများကို အသုံးပြု၍ ကြာသင်္ကန်း၊ ကြာပုဝါ၊ ကြာပိုက်ဆံအိတ်၊ ကြာဦးထုပ်၊ ကြာအဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို ကုန်ချောအဖြစ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

Source: https://www.myawady.net.mm/node/35175

## တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် ကြံတင်ပို့မှုစတင်နေပြီး ဈေးကောင်းရရှိနေ



တရုတ်နိုင်ငံသို့ ၂၀၂၂-၂၀၂၃ ကြံရာသီအတွက် နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် ကြံတင်ပို့မှုစတင်နေပြီး ဈေးကောင်းရရှိနေကြောင်း မြန်မာနိုင်ငံသကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေး၏ ပြောကြားချက်အရ သိရသည်။

ထိုသို့တင်ပို့ရာတွင် ကြံစိုက်ပျိုးရာဒေသများဖြစ်သည့် လောက်ကိုင်၊ ချင်းရွှေဟော်၊ နမ့်ခမ်းစသည့်ဒေသများ၌ စိုက်ပျိုးထားသည့်ကြံများကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာနောက်ဆုံးပတ်မှစတင်ကာ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ် နယ်စပ်များဖြစ်သည့် လွယ်ဂျယ်၊ ချင်းရွှေဟော်နှင့် ကျင်စန်းကျော့ နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် တင်ပို့နေခြင်းဖြစ်သည်။

လက်ရှိတွင် ကြံတစ်တန်လျှင် ယွမ် ၃၈၀ မှ ၄၀၀ ကြားရရှိနေပြီး မတ်လကုန်အထိ ဆက်လက်တင်ပို့မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသို့ ကြံအချောင်းလိုက်တင်ပို့မှုမှာ ကိုဗစ်-၁၉ ရောဂါမတိုင်မီက တစ်နှစ်လျှင် တန်ချိန် ၁၀ သိန်းခန့် တင်ပို့ခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်မှစတင်ကာ တင်ပို့မှုလျော့ကျခဲ့ကြောင်းသိရသည်။

"၂၀၂၂ ခုနှစ်ကတော့ အရင်နှစ်တွေထက် တင်ပို့လာနိုင်တယ်လို့ပြောရမယ်။ အရင်က တင်ပို့ခဲ့တဲ့တန်ချိန်ကိုတော့ မမီဘူး။ ဒီနှစ်ကတော့ ကြံတင်ပို့မှုများမှာပါ။ ဘာလို့လဲဆိုတော့ တရုတ်နိုင်ငံဘက်က ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်တွေကို ဖြေလျှော့ထားတယ်။ အဲဒီတော့ ပိုတင်ပို့နိုင်ဖို့များပါတယ်။ ဘာပဲပြောပြော အလားအလာကောင်းတယ်လို့ ပြောလို့ရပါတယ်" ဟု ဦးဝင်းဌေးကပြောသည်။

ကြံကို ပြည်တွင်း၌ ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းဒေသများ၌ အဓိက စိုက်ပျိုးပြီး ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းနှင့်အနောက်ခြမ်းဒေသများ၌ ဒုတိယအများဆုံးစိုက်ပျိုးကာ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၌ အနည်းငယ်စီစိုက်ပျိုးလျက်ရှိကြောင်း၊ တရုတ်နယ်စပ်နှင့်အနီးတစ်ဝိုက်ရှိ ဒေသများ၌ စိုက်ပျိုးသောကြံများကို တရုတ်နိုင်ငံရှိ သကြားစက်များသို့ တင်ပို့လေ့ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/35114

## အင်ဒိုနီးရှားနိုင်ငံက ပြည်တွင်းစားအုန်းဆီဖူလုံမှုရှိစေရန် စားအုန်းဆီပြည်ပတင်ပို့မှု လျှော့ချမည်



အင်ဒိုနီးရှားနိုင်ငံသည် ပြည်တွင်းစားအုန်းဆီဖူလုံမှုရှိစေရန် ဆောင်ရွက်ချက်အနေဖြင့် ပြည်တွင်းရောင်းချသောပမာဏအပေါ်မူတည်၍ ပြည်ပတင်ပို့မှုခွင့်ပြုသည့်ပမာဏကိုလျှော့ချမည့် ပို့ကုန်စည်းမျဉ်းအသစ်ကို ဇန်နဝါရီလ ၁ ရက်မှစတင်ကာ ဆောင်ရွက်သွားမည်ဟုအစိုးရ တာဝန်ရှိသူများက ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ပြောကြားသည်။

အတည်ပြုထားပြီးဖြစ်သော စည်းမျဉ်းအသစ်အရ ပို့ကုန်လုပ်ငန်းရှင်များအား လက်ရှိပြည်တွင်းရောင်းအား၏ ၈ ဆ တင်ပို့ခွင့်ပြုရာမှ ၆ ဆကိုသာ စားအုန်းဆီတင်ပို့ခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ၂၀၂၃ ခုနှစ် ပထမသုံးလပတ်ကာလတွင် ပြည်တွင်းလုံလောက်မှုရှိစေရန် မူဝါဒပြောင်းလဲခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါမူဝါဒအပြောင်းအလဲကြောင့် ယခင်ထက် ဈေးနှုန်း ၂ ရာခိုင်နှုန်း ခုန်တက်ခဲ့ကြောင်း သိရှိရပါသည်။

ဟင်းချက်ဆီရရှိနိုင်မှုနှင့် ဈေးနှုန်းအပါအဝင် ပြည်တွင်းကုန်ကြမ်းထွက်ရှိမှုအခြေအနေများကိုပါ ထည့်သွင်းစဉ်းစား၍ DMO အချိုးအစားကို အခါအားလျော်စွာ အကဲဖြတ်သွားမည်ဖြစ်ကြောင်း ရေကြောင်းနှင့်ရင်းနှီးမြှုပ်နှံမှုရေးရာ ညှိနှိုင်းမှုရေးရာဝန်ကြီးဌာနမှ အကြီးတန်းအရာရှိ Septian Hario Setio က ပြောကြားသည်။

၂၀၂၂ ခုနှစ် အစောပိုင်းကာလတွင် အင်ဒိုနီးရှားနိုင်ငံသည် ဟင်းချက်ဆီဈေးနှုန်းများ မြင့်တက်မှုကို ထိန်းသိမ်းနိုင်ရန်အတွက် စားအုန်းဆီထုတ်ကုန်များအပေါ် ပို့ကုန်အစီအမံများကို စတင်ပြဋ္ဌာန်းခဲ့ကြောင်း၊ အင်ဒိုနီးရှားမှ စားသုံးဆီများတင်ပို့မှု

ခေတ္တပိတ်ပင်လိုက်ခြင်းကြောင့် ဈေးကွက်များကို တုန်လှုပ်စေခဲ့ပြီး လက်ရှိကမ္ဘာ့စားသောက်ကုန်ပြတ်လပ်မှုအပေါ် စိုးရိမ်ပူပန်မှုများ ပိုမိုဆိုးရွားလာကာ ပြည်တွင်း၌ ဆီသိုလှောင်မှုများ မြင့်တက်လာခဲ့ကြောင်း၊ လက်ရှိအချိန်တွင် စားအုန်းဆီ ပြည်ပတင်ပို့မှုနှင့်စပ်လျဉ်း၍ ပြည်တွင်းဈေးကွက်ရောင်းချရန်တာဝန် (Domestic Market Obligation – DMO) ဟု ခေါ်သော အစီအမံကို ကျင့်သုံးနေသည့်အတွက် ပြည်တွင်းဈေးကွက်တွင် သတ်မှတ်ထားသည့်ပမာဏအချိုးအစားကို တာဝန်ကျေအောင် ရောင်းချမှသာလျှင် ပို့ကုန်ပါမစ်များရရှိမည်ဖြစ်ကြောင်း သိရှိရပါသည်။

အစိုးရ၏ ဇီဝဒီဇယ်အစီအစဉ်နှင့် ပထမသုံးလပတ်ကာလတွင် စားအုန်းဆီအထွက်နှုန်း လျော့နည်းမည့် ခန့်မှန်းချက်ကြောင့် ဟင်းချက်ဆီလိုအပ်ချက်နှင့်စပ်လျဉ်း၍ စိုးရိမ်မှုရှိနေကြောင်းကို အစိုးရနှင့်တွေ့ဆုံသည့် အစည်းအဝေးတွင် အင်ဒိုနီးရှားစားအုန်းဆီအသင်း (GAPKI) က ပြောကြားခဲ့ကြောင်း၊ အစိုးရ၏ဇီဝဒီဇယ်ထုတ်လုပ်မှုအစီအစဉ်တွင် ယခင်က ဆီအုန်းပါဝင်မှု ၃၀ ရာခိုင်နှုန်း သတ်မှတ်ခဲ့ရာမှ ဖေဖော်ဝါရီလ ၁ ရက်မှစတင်၍ ၃၅ ရာခိုင်နှုန်း တိုးမြှင့်ရန် စီမံဆောင်ရွက်နေကြောင်း၊ ဆီအုန်းအထွက်နှုန်းကျဆင်းမှုမရှိပါက ဆီအုန်းစက်ရုံများတွင် ဆီအုန်းခိုင်များ စုပုံမှုမရှိစေရေးနှင့် ဆီအုန်းစိုက်တောင်သူများ ဆုံးရှုံးမှုမရှိစေရေးအတွက် ပြန်လည်အကဲဖြတ်သွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားစားအုန်းဆီအသင်း (GAPKI) ၏ အထွေထွေ အတွင်းရေးမှူး Eddy Marono က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းစားသုံးဆီဖူလုံမှုရှိစေရေးအတွက် အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီကို အများဆုံးတင်သွင်းလျက်ရှိပါသည်။ ၂၀၂၂ ခုနှစ် ဧပြီလ ၂၈ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ၏ စားအုန်းဆီတင်ပို့မှု မူဝါဒပြောင်းလဲမှုကြောင့် ပြည်တွင်း၌ စားအုန်းဆီဈေးနှုန်းအဆမတန် ကြီးမြင့်ခဲ့ပါသည်။ ယခုတဖန် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့တွင် စတင်သက်ရောက်မည့် အင်ဒိုနီးရှားနိုင်ငံ၏ စားအုန်းဆီတင်ပို့မှု မူဝါဒအသစ်ကြောင့် ပြည်တွင်း၌ စားသုံးဆီရှားပါးခြင်းများ မဖြစ်ပေါ်နိုင်သော်လည်း ဇန်နဝါရီလ နောက်ပိုင်းကာလတွင် ပြည်တွင်း၌စားအုန်းဆီဈေးနှုန်းကြီးမြင့်နိုင်သည့်အလားအလာရှိကြောင်း လေ့လာသုံးသပ်ရပါသည်။

**Source: bloomberg, doca**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/5590-indonesia-will-reduce-palm-oil-exports-to-ensure-domestic-palm-oil-self-sufficiency.html

## STOCK EXCHANGE (9.1.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 9th Jan. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,950 (Shares) | 35,174,450 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,700 | 8,800 | 8,700 | 204 | 1,780,300 | 33,109,694 | 288,054 |
| MTSH | 00002 | 3,300 | +0 | +0.00% | 3,250 | 3,350 | 3,250 | 3,491 | 11,520,300 | 38,929,150 | 128,466 |
| MCB | 00003 | 7,400 | -300 | -3.90% | 7,400 | 7,400 | 7,400 | 10 | 74,000 | 10,400,986 | 76,968 |
| FPB | 00004 | 18,500 | -500 | -2.63% | 18,500 | 18,500 | 18,500 | 1,156 | 21,386,000 | 2,472,053 | 45,733 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 5 | 13,000 | 12,823,224 | 33,340 |
| EFR | 00006 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 5 | 13,750 | 19,977,223 | 54,937 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 79 | 387,100 | 10,497,598 | 51,438 |

## Market summary

As of 9th Jan. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 390.28 | -2.50 | -0.64% | 390.95 | 393.30 | 390.28 | 4,950 | 35,174,450 | 7 | 678,936 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 9th Jan. 2023

| Trading Volume | Trading Value |
|---|---|
| 4,950 (Shares) | 35,174,450 (MMK) |

### Main Board

As of 1:00 pm, 9th Jan. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,950 (Shares) | 35,174,450 (MMK) |

| MYANPIX | 390.28 ▼ 2.50 |
|---|---|
| Total Volume (shares) | 4,950 |
| Total Value (MMK) | 35 mil |
| Listed Company | 7 |
| Market Cap. (MMK) | 678,936 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 3,300 | ▲ 0 |
| MCB | 00003 | 7,400 | ▼ 300 |
| FPB | 00004 | 18,500 | ▼ 500 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,750 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |